M နေထိုင်ခြင်း၊ ပြောင်းရွှေ့ခြင်းထိပ်သို့

## 7 အိမ်အသုံးအနှုန်းရှင်းလင်းချက်

- **အိမ်ခြံမြေ အကျိုးဆောင်**

  အိမ်ခြံမြေအရောင်းအဝယ်၊ ပုဂ္ဂလိကအငှားအိမ် မိတ်ဆက်ပေးခြင်းစသည်ကို ပြုလုပ်ပေးသောဆိုင်။

- **အိမ်လခ**

  ငှားရမ်းသောအိမ်၏ တစ်လစာ ငှားရမ်းခ။ လစဉ်နောက်လအတွက် အိမ်လခကို ကြိုတင်၍ပေးရသည်။ ထို့ကြောင့် ပထမဦးဆုံးဝင်ရောက်နေထိုင်ချိန်တွင် ပထမဦးဆုံးအိမ်လခနှင့် နောက်လစာ ၂လစာကိုပေးရသည်။ အိမ်လခသည် သာမန်အားဖြင့် ဘဏ်စာရင်းမှ နုတ်ယူသည်။ ဘဏ်စာရင်းထဲသို့ လွှဲထည့်ပေးရခြင်းမျိုးလည်းရှိသည်။

- **ထိန်းသိမ်းစရိတ်၊ အများဂန်ဆောင်မှုစရိတ်**

  နေထိုင်သူများသည် အများစုပေါင်းအသုံးပြုသောနေရာ (လှေကား၊ လူသွားစင်္ကြံလမ်း)၊ အဆောက်အအုံတို့၏ ထိန်းသိမ်းခ၊ လျှပ်စစ်မီတာခ၊ သန့်ရှင်းရေးခ စသည်တို့တွင်ကုန်ကျသောငွေကြေးဖြစ်သည်။ အိမ်လခနှင့် သီးခြားပေးဆောင်ရသည်။

- **စပေါ်ငွေ**

  ငှားရမ်းသူသည် စာချုပ်ချုပ်ဆိုချိန်တွင် အိမ်ရှင် (အိမ်ပိုင်ဆိုင်သူ) သို့ပေးရသောငွေ။ အိမ်လခ ၁လစာမှ ၃လစာအထိထားရှိရသည်။ အိမ်ငှားရမ်းနေထိုင်သူသည် လက်ရှိနေရာမှ အိမ်ပြောင်းရွှေ့ချိန်တွင် မိမိအိမ်လခကုန်ကျစရိတ်အပြင် စရံငွေမှ အိမ်ပျက်စီးယိုယွင်းပြင်ဆင်စရိတ်၊ ညစ်ပတ်ပေရေသည့်အတွက် သန့်ရှင်းစရိတ် စသည်တို့ကို တွက်ချက်အသုံးပြုပြီး ကျန်ငွေကို ပြန်လည်ပေးအပ်ခံရသည်။

- **အိမ်ပိုင်ရှင်ကန်တော့ကြေး**

  စာချုပ်ချုပ်ဆိုချိန်တွင် အိမ်ရှင်သို့ကန်တော့ကြေးအဖြစ် ပေးရငွေ။ သာမန်အိမ်လခ၏ ၁လစာမှ ၂လစာခန့်ဖြစ်ပြီး ပြန်လည်မရရှိပါ။

# M နေထိုင်ခြင်း၊ ပြောင်းရွှေ့ခြင်း

M နေထိုင်ခြင်း၊ ပြောင်းရွှေ့ခြင်းထိပ်သို့

- **ကြားပွဲစားခ**

  အခန်းကို ကြားပွဲစားအဖြစ်ဆောင်ရွက်ပေးသော အိမ်ခြံမြေအကျိုးဆောင်သို့ပေးအပ်ရသောငွေ။ သာမန်အားဖြင့် အိမ်လခ ၁လခစာပေးရသည်။

- **ပျက်စီးမှုအာမခံကြေး**

  စာချုပ်ချုပ်ဆိုချိန်တွင် အိမ်တွင်းပစ္စည်းများ စသည်၏ ပျက်စီးမှုအာမခံတွင် ဝင်ရောက်ရန်လိုအပ်သော အခြေအနေအတွင်ပေးရသည်။ အာမခံအမျိုးအစားပေါ်မူတည်၍ မီးအာမခံ၊ ရေလျှံခြင်း စသည်တို့၏ ပျက်စီးမှုကို လျော်ကြေးပေးအပ်ခြင်းခံရသည်။

- **စာချုပ်သက်တမ်းတိုးခ**

  အိမ်ငှားစာချုပ်သက်တမ်းသည် သာမန်အားဖြင့် ၂နှစ်ဖြစ်သည်။ ၂နှစ်ကျော်လွန်လျက် ထပ်မံစာချုပ်ချုပ်ဆိုချိန်တွင် အိမ်ရှင်ထံမှ အိမ်လခ ၁လစာ စာချုပ်သက်တမ်းတိုးခကို တောင်းဆိုခြင်းခံရခြင်းများလည်းရှိသည်။

- **အာမခံသူ**

  အိမ်ငှားသူ အိမ်ငှားရာတွင် အိမ်လခစသည်တို့ကို ကိုယ်စားတာဝန်ယူဆောင်ရွက်ပေးရသောသူဖြစ်သည်။ အများအားဖြင့် နေထိုင်ရန်လျှောက်ထားရာတွင်လိုအပ်သည်။ အာမခံသူမရှိပါက အာမခံကိုယ်စားလှယ်ကုမ္ပဏီကို အသုံးပြုနိုင်သည်။

- **အိမ်နီးနားချင်းအဖွဲ့**

  ၄င်းဒေသတွင် နေထိုင်သူများ၏ အဖွဲ့။ မြို့နယ်ရုံးများ၏ အကြောင်းကြားချက်များကို အသိပေးသည့် လှည့်လည်ဖိုင်တွဲ နှင့် ဘေးအန္တရာယ်များ ကာကွယ်ခြင်းလေ့ကျင့်ခန်းပြုလုပ်ခြင်းစသည်တို့အပြင် ပွဲတော်စသောနေထိုင်သူအချင်းချင်း၏ ရင်းနှီးမှုဖလှယ်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်သည်။ လစဉ်ကြေး (တစ်လလျှင် ယန်း၃၀၀ခန့် စသည်) ကို တောင်းခံခြင်းခံရနိုင်သည်။

- **အတူနေသူများ**

  ငှားရမ်းနေထိုင်သောအိမ်တွင် အတူနေသူများရှိပါက စာချုပ်ချုပ်ဆိုချိန်တွင် အိမ်ရှင်သို့အကြောင်းကြားရမည်။ အကြောင်းမကြားထားသောသူနှင့် အတူနေထိုင်ပါက ထွက်ခွာခိုင်းခြင်းခံရနိုင်သည်။